MYANMAR
LGBT RIGHTS
NETWORK

## မန္တလေးတိုင်းဒေသကြီး၏ ၁၃ ကြိမ်မြောက်လွှတ်တော်အတွင်း LGBT များနှင့်ပတ်သက်ပြီး ဆွေးနွေးချက်များအပေါ် သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး၏ ၁၃ ကြိမ်မြောက်လွှတ်တော်တွင် မန္တလေးမြို့ရှိ အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ (Transgender women) များနှင့် အမျိုးသားချင်းချစ်ခင်သူ (Gay) များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမှုများသည် ထိုသူများအပေါ် တရားလက်လွှတ်ဖမ်းဆီးမှုများ ပိုမိုဖြစ်ပွား စေနိုင်သောကြောင့် မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်က ပြင်းထန်စွာရှုတ်ချပါသည်။

ထိုလွှတ်တော်တွင် ချမ်းအေးသာဇံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဒေါ်တင်တင်မာက အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူများသည် အမြင်မတော်မှုများလုပ်ဆောင်နေသည့်အတွက် တိုင်းဒေသအစိုးရအနေဖြင့် မည်သို့ လုပ်ဆောင်မှုများ ရှိသလဲဆိုသည့် မေးခွန်းကိုမေးမြန်းခဲ့သည်။ ထိုမေးခွန်းကို ဒေါက်တာမြင့်ကြူ (ဝန်ကြီး၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး)က ပြန်လည်ဖြေကြားရာတွင် **“အမျိုးသမီးစိတ်ပေါက်နေတဲ့ Gay များရှိတဲ့ကိစ္စဟာ လက်ခံနိုင်စရာမရှိတဲ့ အတွက်ကြောင့် ၎င်း Gay များကိုသက်ဆိုင်ရာရဲစခန်းများမှာခေါ်ယူပြီးတော့ နှစ်သိမ့်ပညာပေးပြီး မိဘများထံ ပြန်လည်ပေးပို့ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအခုတင်ပြတဲ့ နေရာကိုလည်း အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ကာကွယ်တားဆီးသွားမယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်”** ဟု ၁၉ ရက် ဩဂုတ်လ ၂၀၁၅ တွင် DVB သတင်းဌာနက တင်ပြသွားပါသည်။

ထိုသို့တင်ပြချက်နှင့် ပြန်လည်ဖြေကြားချက်များကိုလေ့လာသုံးသပ်ပါက တရားဥပဒေစိုးမိုးရေးကို ရည်ရွယ်ရှေ့ရှုဆန္ဒရှိသည့်ဟန်ရှိသော်လည်း လုပ်ဆောင်သည့်ပုံစံသည် လွဲမှားနေသည်ဟု မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်က သုံးသပ်ပါသည်။ မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်အနေဖြင့် မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှု မြင့်တက်စေရန် တတပ်တအား ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။ သို့သော် တရားဥပဒေစိုးမိုးရေးသည် တိုင်းပြည်တွင်းရှိ လူတစ်ဦးတစ်ယောက်ချင်းစီအပေါ် ကာကွယ်မှုပေးသည့် တရားဥပဒေဖြစ်ရန် အရေးကြီးပါသည်။ သို့သော် ယခုကဲ့သို့ တရားဥပဒေစိုးမိုးရေးအမည်တပ်၍ အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူများကိုသာ ဦးတည်ပစ်မှတ်ထားကာ ဘာအပြစ်မှ ကျူးလွန်ခြင်းမရှိဘဲ ရဲစခန်းများသို့ခေါ်ယူပြီး နှစ်သိမ့်ပညာပေးမည်ဆိုပါက အမှန်တကယ် တရားဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်မည်မဟုတ်ဘဲ ထိုသူများအပေါ် ဆိုးကျိုးများသာဖြစ်ပေါ်စေပါမည်။

ဒေါက်တာမြင့်ကြူ (ဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး)၏ ပြန်လည်ဖြေကြားချက်တွင် ယခင်ကအမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ (Transgender women) များနှင့် အမျိုးသားချင်းချစ်ခင်သူ (Gay) (၉) ဦးကို နှိမ်နင်းသည့်အနေဖြင့် ရဲစခန်းသို့ ခေါ်ယူထိန်းသိမ်းခဲ့ကြောင်း၊ သို့သော် ထို(၉)ဦးကို ပြစ်မှုတစ်စုံတရာ ကျူးလွန်ခြင်းမရှိသဖြင့် ဆုံးမ၍ မိဘများထံ ပြန်လည်အပ်ခဲ့ကြောင်း ပါဝင်ပါသည်။ ထိုဖြစ်ရပ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် ထိုသူများသည် အပြစ်မရှိဘဲ ထိန်းသိမ်းခံခဲ့ရသည်ကိုတွေ့ရသည်။ ထို့အပြင် ထိုသူများသည် ထိန်းသိမ်းစစ်ဆေးခံရချိန်ကာလအတွင်း တာဝန်ကျရဲများ၏ မတော်တရားပြောဆိုမှု၊ ဆက်ဆံမှုနှင့် ရုပ်ပိုင်းစိတ်ပိုင်း၊ လိင်ပိုင်းထိခိုက်စေသော ဆက်ဆံမှုမျိုးကို ကြုံတွေ့ခဲ့ရကြောင်း သတင်းများရရှိခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့

MYANMAR LGBT RIGHTS NETWORK

အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ (Transgender women) များနှင့် အမျိုးသားချင်းချစ်ခင်သူ (Gay) များအား အထူးစီမံချက်ဖြင့် ဖမ်းဆီးပြီး ရဲစခန်းသို့ ခေါ်ယူ၍ ပညာပေးမည်ဆိုပါက ယခင်ကဖြစ်ပျက်ခဲ့သလို သူတို့၏ ဂုဏ်သိက္ခာထိခိုက်စေသော အပြုအမူများ ကြုံတွေ့ရမည်ကို ကွန်ယက်အနေနှင့် အထူး စိုးရိမ်မကင်း ဖြစ်မိသည်။

**ထိုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းရန် ပြင်ဆင်ခြင်းသည် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၄၇တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။ ပုဒ်မ၃၅၃အရ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ** ဆိုသည့်ပြဋ္ဌာန်းချက်နှင့်လည်း ဆန့်ကျင်နေပါသည်။ ထို့အပြင် ယင်းဥပဒေပုဒ်မ ၃၅၄ အရ နိုင်ငံသားများအပေါ်ပေးအပ်ထားသောအခွင့်အရေးများကိုချိုးဖောက်ရာလည်းရောက်သည်။ ပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များဖြစ်သည့် **ပုဒ်မ ၄၉၉ (အသရေဖျက်မှု)၊ ပုဒ်မ ၃၃၉ (မတရားတားဆီးကန့်ကွက်ခြင်း)၊ ပုဒ်မ ၃၄၀ (မတရားချုပ်နှောင်ခြင်း)** တို့ကိုဆန့်ကျင်ရာရောက်သည်ဟု မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်မှ သုံးသပ်ပါသည်။

ထို့အပြင် ယခုကဲ့သို့ အဆိုများတင်သွင်းခြင်း၊ အရေးယူဆောင်ရွက်ရန်ပြင်ဆင်ခြင်းများသည် လိင်စိတ်ခံယူမှု ကွဲပြားမှုအပေါ် အထင်အမြင်လွဲမှားမှုနှင့် ထိုသို့လိင်စိတ်ခံယူမှု ကွဲပြားသူများအပေါ် အထင်သေးမုန်းတီးမှုများကို အခြေခံ၍ဖြစ်ပေါ်လာကြောင်း ကွန်ယက်အနေဖြင့် သုံးသပ်မိသည်။ လိင်စိတ်ခံယူမှုကွဲပြားခြင်းသည် ပညာပေးပြောင်းလဲ၍ ရသောအရာမဖြစ်ပါ။ ဖြစ်တည်မှုသာဖြစ်ပါသည်။ ထို့ပြင်လိင်စိတ်ကွဲပြားသူများသည် လူသားများပင်ဖြစ်သောကြောင့် အခြားသူများနည်းတူ လွပ်လပ်ခွင့် လုံခြုံခွင့်များခံစားခွင့်ရှိသည်။ တရားဥပဒေစိုးမိုးရေးကို ခံစားခွင့်ရှိသလို တရားဥပဒေစိုးမိုးရန် တာဝန်ရှိသူများဖြစ်သည်။ သို့သော် လိင်စိတ်ကွဲပြားသူများအားလုံးကို ရာဇဝတ်မှု ကျူးလွန်သည့်သူများအဖြစ် သိမ်းကြုံးရှုမြင်ပြီး ယခုကဲ့သို့ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းသည် ယခင်ကတည်းက ခွဲခြားနှိမ့်ချမှုများရှိနေသော ပတ်ဝန်းကျင်တွင် ထိုသူများအပေါ် စော်ကားရန်အတွက် လုပ်ပိုင်ခွင့်လိုင်စင် ( License to Abuse) ထုတ်ပေးလိုက်ခြင်းဟု သုံးသပ်သည်။

ထို့ကြောင့် မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်အနေဖြင့် လွှတ်တော်အမတ်များအား

- အမျိုးသားချင်း၊ အမျိုးသမီးချင်းချစ်သူများနှင့် အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူများကိုသာ ဦးတည်ပစ်မှတ်ထားကာ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဖမ်းဆီးပညာပေးမည့် အစီအစဉ်ကို အမြန်ဆုံးရပ်တန့်ရန်၊
- ထိုသို့ပြုလုပ်မည့်အစား မန္တလေးတိုင်းဒေသ တခုလုံးအတွင်း တရားဥပဒေစိုးမိုးရေးကို တာဝန်ရှိသည့် ဌာနများက တာဝန်အပြည့်အဝယူပြီး တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်သူများကိုသာ ထိထိရောက်ရောက် အရေးယူရန်၊
- တရားဥပဒေစိုးမိုးရေးနှင့် တရားဥပဒေပြုရေး တာဝန်ရှိသူများအကြား လိင်စိတ်ကွဲပြားမှုနှင့် လိင်စိတ်ကွဲပြား သူများအပေါ် ခွဲခြားဆက်ဆံခြင်း အကြောင်းများကို နားလည်သဘောပေါက်နိုင်စေရန်အတွက် ပညာပေး အစီအစဉ်များလုပ်ဆောင်သွားရန်၊

MYANMAR LGBT RIGHTS NETWORK

- လိင်စိတ်ကွဲပြားသူများအပေါ် အပြစ်မရှိဘဲ တာဝန်ထက်ကျော်၍ ကျူးလွန်စော်ကားမှုများရှိပါက တိုင်ကြားနိုင်သော ယန္တရားများထူထောင်၍ တိုင်ကြားချက်များကို တရားမျှတစွာဖြင့် အရေးယူ ဆောင်ရွက် ပေးရန်၊ တောင်းဆိုအပ်ပါသည်။

မိမိတို့ မြန်မာ LGBT အခွင့်အရေးဆိုင်ရာ ကွန်ယက်အနေဖြင့်လည်း လိင်စိတ်ကွဲပြားသူများအထူးသဖြင့် အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ (Transgender women) များနှင့် အမျိုးသားချင်းချစ်ခင်သူ (Gay) တို့အကြား ဂုဏ်သိက္ခာရှိရှိဖြင့် အသက်ရှင်နေထိုင်ပြုကျင့်မှုများ ပိုမိုရှိလာအောင် ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်သည်။ ထို့ပြင် လိင်စိတ်ကွဲပြားသူများသည် တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်သောသူများမဟုတ်၊ တရားဥပဒေစိုးမိုးရေးကို လေးစားကာကွယ်သောသူများ ဖြစ်သည်ဆိုသည့်အတိုင်း ဖြစ်လာအောင် တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ။အသိပေးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါကအောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝွမ်ဆန်နော် (LGBT အခွင့်အရေးလှုပ်ရှားသူ၊ မန္တလေးနယ်မြေခံ) - 09797326726

ဦးအောင်မျိုးမင်း( Executive Director of Equality Myanmar)  - 09448015306

ကိုလှမြတ်ထွန်း (Program Manager of Colors Rainbow) - 0973022564

ဒေါ်ရွက်နအောင် (တရားလွှတ်တော်ရှေ့နေ - မန္တလေးတိုင်း) - 092051344

မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်

၂၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်